ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

# ၂၀၁၄ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ၂၀၁၄ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏
## ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ

**( ၂၀၁၄ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ လွှတ်တော် ဥပဒေအမှတ် ၂၀။ )**

၁၃၇၅ ခုနှစ်၊ တန်ခူး လဆန်း ၁ ရက်
( ၂၀၁၄ ခုနှစ်၊ မတ် လ ၃၁ ရက် )

တနင်္သာရီ တိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင် အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ် ၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရ အသုံး ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄ – ၂၀၁၅ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီ တိုင်းဒေသကြီး တစ်ဝန်းလုံးတွင် ၂၀၁၄ ခုနှစ် ၊ ဧပြီ လ ၁ ရက် နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း ( ၁ )

### ရငွေများ နှင့် သုံးငွေများ

၂။ တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည် ပင် သာ ယာ ရေး အဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရရှိသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသော သုံးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ သုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီး ဌာ န များ၊

တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင် သာယာရေး အဖွဲ့များ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား ( ၁ ) ၊ ( ၂ ) ၊ ( ၃ ) နှင့် ( ၄ ) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် ရငွေများကို စီမံ ကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေများကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ ( က ) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံ ကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း ၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သက်ဆိုင်ရာ ဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား ( ၁ ) နှင့် ( ၃ ) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေနှင့် ချေးယူ ရငွေ တို့အတွက် လျာထားရန် အကြောင်း ပေါ်ပေါက်လာပါက ယင်းသို့ ရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်း အသုံးစရိတ်များကြောင့် ဇယား ( ၂ ) နှင့် ( ၄ ) တို့တွင် ဖော်ပြထားခြင်း မရှိသေးသော သုံးငွေများကို သုံးစွဲရန် ကိစ္စများ နှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရ အဖွဲ့က စိစစ် သုံး သပ် ၍ ပြည် ထောင်စု လွှတ်တော်၏

အတည်ပြုချက်ဖြင့် ခွင့် ပြု ပါ က တိုင်း ဒေ သ ကြီး အစိုးရအဖွဲ့သည် တိုင်း ဒေ သ ကြီး လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့် ပြု နိုင် သည်။ သို့ရာတွင် ယင်းကဲ့သို့ ချေးယူသုံးစွဲသည့် ငွေသည် ပြည်ထောင်စု အစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်သည့် ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ ၊ လျော့၍ဖြစ်စေ ရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသည့် ၂၀၁၄ – ၂၀၁၅ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် လည်းကောင်း ၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို လည်းကောင်း အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီး အဆင့် ဌာ န အ ဖွဲ့ အ စည်း များ နှင့် စည် ပင် သာ ယာ ရေး အဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ အရ ခွင့်ပြုထားသည့် အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံရမည်။ အခွန်ဆိုင်ရာ

တည်ဆဲ ဥ ပ ဒေ များ နှင့် အ ညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝ ရရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥ ပ ဒေ ချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီးအဆင့် ဦး စီး ဌာ န များ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွက် ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ၊ ပုဒ်မ ၃ ပုဒ်မခွဲ ( ဆ ) အရ ပြည်ထောင်စု အစိုးရအဖွဲ့၏ စိစစ် ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က သုံးစွဲရန် ခွင့်ပြုသည့် အသုံးစရိတ် များ နှင့် စပ် လျဉ်း ၍ လည်းကောင်း ၊ တိုင်း ဒေ သ ကြီး လွှတ် တော် သို့ တင် ပြ သော ၂၀၁၄ – ၂၀၁၅ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း ၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကိုလည်းကောင်း အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၅။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး၏ လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ ၊ တိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ ၊ ပြည်တွင်းမှ လည်းကောင်း ၊ ပြည်ပမှ လည်းကောင်း ချေးငွေရယူခြင်း ၊ အရင်း နှင့် အတိုး ပြန်ဆပ်ခြင်း သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များ နှင့်စပ်လျဉ်း၍ ပြည်ထောင်စုက တာဝန်ယူ စီမံခန့်ခွဲမှုအတိုင်း ဆောင်ရွက်ရမည်။

၆။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက်ဖြစ်စေ ၊ တိုင်းဒေသကြီး အစိုးရဌာန တစ်ခုခု အတွက်ဖြစ်စေ ပြည်ပမှ ငွေချေးယူခြင်း နှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြီးဖြစ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့်အညီ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက် ရယူ ဆောင်ရွက်နိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

## အခန်း (၁)
## ရငွေနှင့် သုံးငွေများ

၇။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည် နိုင် ရေး မူ နှင့်အညီ

ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများ အလိုက် ကုန်ပစ္စည်း ထုတ်လုပ်မှု ၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းများအတွက် လိုအပ်သည့် သာမန် အသုံးစရိတ်များ သုံးစွဲမှုကို ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ကြွေးမြီ ပြန်လည်ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၈။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း များ၏ ရငွေနှင့် သုံးငွေတို့ကို တိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေစာရင်းတွင် စာရင်းပြုစု ဖော်ပြရမည်။

၉။ (က) ဇယား ( ၅ ) နှင့် ( ၆ ) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အ သီးသီးသည် ဇယား (၅)

နှင့် (၆) တို့တွင် မိမိ နှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေများကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေ များကို စီမံခန့်ခွဲခြင်း ပြုရမည် ။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံ ရာတွင်လည်းကောင်း ၊ သုံးငွေများကို စီမံခန့်ခွဲ ရာတွင်လည်းကောင်း ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ သက်ဆိုင်ရာ ဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက် ရမည်။

## အခန်း (၂)

## တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၀။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်း လိုအပ်ချက်အပေါ် မူတည်၍ ဤဥပဒေ ဇယား ( ၅ ) တွင် ဖော်ပြထားသော ရငွေများကို တိုးခြင်း ၊ လျော့ခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း ၊ ဤဥပဒေ ဇယား ( ၆ ) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ နှင့် ကြေးမြီ သုံးငွေများတွင် ငွေများ ပြောင်းလဲ သုံးစွဲခြင်း နှင့် စပ် လျဉ်း ၍ သော်လည်းကောင်း ၊ ငွေလုံး ငွေရင်း

သုံးငွေတွင် လုပ်ငန်း စီမံကိန်းများ ပြောင်းလဲခြင်း မပြုဘဲ မူလ လုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများ ပြောင်းလဲ သုံးစွဲခြင်း နှင့် စပ် လျဉ်း ၍ သော်လည်းကောင်း ၊ အဖွဲ့အစည်း တစ်ခုမှ အခြားအဖွဲ့အစည်း တစ်ခုသို့ ပြောင်းလဲ သုံးစွဲခြင်း နှင့်စပ်လျဉ်း၍ သော်လည်းကောင်း ၊ ငွေလုံးငွေရင်း သုံးငွေတွင် အဖွဲ့အစည်း တစ်ခု အတွင်း လုပ်ငန်း စီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်ကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲခြင်း ၊ ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ ထို့သို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၄ – ၂၀၁၅ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တွင်လည်းကောင်း ၊ ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများ ကို လည်းကောင်း အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အလိုက် အကျိုးအကြောင်း ဖော်ပြချက်များ နှင့်အတူ ထည့်သွင်း ဖော်ပြရမည် ။

(ဓ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်ဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီပွားရေး အဖွဲ့အစည်းများ အတွက် လုပ်ငန်း လုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံး ရင်းနှီးငွေကိုသော်လည်းကောင်း ၊ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများ အတွက် လိုအပ်သည့်ငွေကို သော်လည်းကောင်း ၊ ထောက်ပံ့ငွေ ကိုဖြစ်စေ ၊ ချေးငွေကို ဖြစ်စေ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုပြီးဖြစ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက် နှင့် အညီ တိုင်း ဒေ သ ကြီး

[illegible]

[illegible]

( [illegible] )　( [illegible] )

[illegible]

---

[illegible]

[illegible]　[illegible]　[illegible]　[illegible]

### တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား ( ၁ )

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ မှ ရငွေ | အခြား သာမန် ရငွေများ | အတိုး ရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူ ရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | | | | ၂၀၀၀.၀၀၀ | | | |
| ၂ | ဥပဒေရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ် က တာဝန်ပေးသူ | | | ၀.၁၆၂ | | | | | | |
| ၃ | စာရင်းရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၂၈၅ | | | | | | |
| | ပေါင်း | | | | ၀.၄၄၇ | | | ၂၀၀၀.၀၀၀ | | | |

တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား ( ၂ )
( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုး ပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၅၉၁.၉၉၃ | | ၁၀၀၀.၀၀၀ | ၁၀၇၂၀.၄၁၅ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ က တာဝန်ပေးသူ | ၁၇၀.၄၈၃ | | | ၄၁.၉၅၃ | | | |
| ၃ | တရားရုံး | တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် က တာဝန်ပေးသူ | ၅၁.၆၆၀ | | | | | | |
| ၄ | ဥပဒေရုံး | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၂၀၄.၀၇၇ | | | ၂၁၉.၁၀၀ | | | |
| ၅ | စာရင်းရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၄၂.၄၀၅ | | | ၉၇.၀၃၀ | | | |
| | ပေါင်း | | ၁၄၆၀.၆၁၈ | | ၁၀၀၀.၀၀၀ | ၁၁၀၇၈.၄၉၈ | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား ( ၃ )

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူ ရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထုတ်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ** | ၁၄၆.၃၇၈ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၄၆.၃၇၈ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄င်း** | ၂၄၄.၆၇၄ | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန် | | ၁၈.၆၉၈ | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၀.၀၄၈ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၁၃၄.၂၂၄ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၂.၀၀၇ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၈၉.၆၉၇ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန်** | **၄င်း** | ၃၄၅.၆၁၃ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၂၉၈.၉၆၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၄၆.၆၄၆ | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ** | **၄င်း** | | ၉၈၄.၆၂၂ | | | | | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၉.၇၅၅ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၉.၂၂၇ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၂၈ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀.၅၀၀ | | | | | | |
| ၆ | | သမဝါယမ | ၄င်း | | | ၀.၅၉၆ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀.၅၉၆ | | | | | | |
| ၇ | | သယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၄င်း | | | ၁.၈၂၇ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀.၃၆၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁.၄၆၇ | | | | | | |
| ၈ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | | | ၄.၄၆၅ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃.၄၆၅ | | | | | | |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၁.၀၀၀ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | | | ၁၇.၅၁၅ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၇.၅၁၅ | | | | | | |
| ၁၀ | | ဘဏ္ဍာရေး | ၄င်း | | | ၀.၀၀၆ | | | ၁၂၄၅၄၈.၅၄၇ | | ၉၂.၁၆၆ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀.၀၀၆ | | | ၁၂၄၅၄၈.၅၄၇ | | ၉၂.၁၆၆ | |
| ၁၁ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၄င်း | | | ၀.၀၁၄ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၁၄ | | | | | | |
| ၁၂ | | ဆောက်လုပ်ရေး | ၄င်း | | | ၃၁.၈၄၄ | | | | | | |
| | ၁ | မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃.၃၈၅ | | | | | | |
| | ၂ | အဆောက်အဦ၊ လမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၂၈.၄၅၉ | | | | | | |
| ၁၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | ၂၂၁၂.၉၉၈ | | | | | | |
| | | ပေါင်း | | ၇၃၆.၆၆၅ | ၉၈၄.၆၂၂ | ၂၂၇၉.၀၂၀ | | | ၁၂၄၅၄၈.၅၄၇ | | ၉၂.၁၆၆ | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား ( ၄ )
( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုး ပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ** | ၃၉၂၄.၅၆၅ | | | ၉၄၀၆.၅၄၂ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၃၀၉၇.၇၈၄ | | | ၂၄၇၇.၇၁၄ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၂၉.၂၆၄ | | | ၂၄၂.၅၇၈ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၆၉၇.၅၁၇ | | | ၆၇၂၆.၂၅၀ | | | |
| ၂ | | **သမဝါယမ** | **၄င်း** | ၂၅၃.၉၀၃ | | | ၅.၆၀၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၂၅၃.၉၀၃ | | | ၅.၆၀၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း** | **၄င်း** | ၈၃၉.၁၂၆ | | | ၄၀.၀၀၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၈၅.၂၉၃ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၅၂၀.၃၅၆ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၃၂.၄၇၇ | | | ၄၀.၀၀၀ | | | |
| ၄ | | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး** | **၄င်း** | ၄၀၂.၉၀၀ | | | ၁၂၀.၄၃၃ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၇၃.၃၆၃ | | | ၇၉.၄၃၃ | | | |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁၃၉.၅၃၈ | | | ၄၀.၀၀၀ | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | **၄င်း** | ၆၈၃.၈၅၆ | | | ၁၁၀.၇၄၇ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၆၂၇.၀၁၆ | | | ၂၉.၇၄၇ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၅၆.၈၄၀ | | | ၈၁.၀၀၀ | | | |
| ၆ | | **အားကစား** | **၄င်း** | ၂၅၂.၅၂၄ | | | ၆၀၄.၁၂၇ | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၂၅၂.၅၂၄ | | | ၆၀၄.၁၂၇ | | | |
| ၇ | | **ဘဏ္ဍာရေး** | **၄င်း** | ၅၅.၃၈၈ | | | ၄၉၈.၂၈၉ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၅၅.၃၈၈ | | | ၄၉၈.၂၈၉ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု** | **၄င်း** | ၂၁၆.၀၈၀ | | | ၃၆.၀၈၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၁၆.၀၈၀ | | | ၃၆.၀၈၀ | | | |
| ၉ | | **ဆောက်လုပ်ရေး** | **၄င်း** | ၇၄၅၃၀.၂၈၉ | | | ၂၃၀၂၂.၇၅၀ | | | |
| | ၁ | မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၃၆.၄၁၉ | | | ၂၈၁၆.၂၈၁ | | | |
| | ၂ | အဆောက်အဦ၊ လမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၇၄၃၉၃.၈၇၀ | | | ၂၀၃၀၆.၄၇၀ | | | |
| ၁၀ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး** | **၄င်း** | ၁၀.၉၄၀ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး | | ၁၀.၉၄၀ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၄င်း** | ၁၂၈၁.၄၆၀ | | | ၁၃၆၉.၃၁၇ | | | |
| | | ပေါင်း | | ၈၂၄၆၀.၀၃၂ | | | ၃၅၃၂၄.၈၈၆ | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ

ဇယား ( ၅ )

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူ ရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြန်ကြားရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၁.၉၆၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၁.၉၆၀ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၄င်း | | | ၅၉၇၆၀.၇၄၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၅၉၇၆၀.၇၄၀ | | | | | | |
| | | ပေါင်း | | | | ၅၉၇၇၂.၇၀၀ | | | | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ

ဇယား ( ၆ )

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြန်ကြားရေး** | **တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ** | ၁၄. ၉၈၅ | | | ၃. ၀၀၀ | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၁၄. ၉၈၅ | | | ၃. ၀၀၀ | | | |
| ၂ | | **လျှပ်စစ်စွမ်းအား** | **၄င်း** | | | | ၁၁၀၁. ၁၅၁ | | | |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၁၁၀၁. ၁၅၁ | | | |
| ၃ | | **ဆောက်လုပ်ရေး** | **၄င်း** | ၅၇၁၀၉. ၀၉၇ | | | ၈၆၀. ၉၀၀ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၅၇၁၀၉. ၀၉၇ | | | ၈၆၀. ၉၀၀ | | | |
| | | ပေါင်း | | ၅၇၁၂၄. ၀၈၂ | | | ၁၉၆၅. ၀၅၁ | | | |